တရားဝင် မဲပေးလွှာ

SAN JOAQUIN ကောင်တီ
အထွေထွေရွေးကောက်ပွဲ
2026 ခုနှစ်၊ နိုဝင်ဘာလ 3 ရက်

Burmese BT 25

မဲပေးခြင်းအတွက် လမ်းညွှန်ချက်များ

သင်မဲ အရာထင်ပါစေ

- မင်အပြာ သို့မဟုတ် အမဲဘောပင်ကိုသာ အသုံးပြုပါ။

- သင်နှစ်သက်သလောက် ပြိုင်ပွဲများကို မဲပေးနိုင်သည်။
- ကိုယ်စားလှယ်လောင်းတစ်ဦး သို့မဟုတ် စီမံချက်တစ်ခုကို မဲပေးရန် "ဟုတ်သည် သို့မဟုတ် မဟုတ်ပါ" ဟူသည့် စကားလုံး သို့မဟုတ် ကိုယ်စားလှယ်လောင်း၏ အမည်ဘေးရှိ အဝိုင်းကို အပြည့်ဖြည့်ပါ။

ထပ်ဖြည့်သော ကိုယ်စားလှယ်လောင်းများ

- သတ်မှတ်ချက်ပြည့်မီသော ထပ်ဖြည့် ကိုယ်စားလှယ်လောင်းအတွက် မဲပေးရန် ပေးထားသည့်နေရာလွတ်တွင် အမည်ကို ချရေးပြီး အဝိုင်းကို ဖြည့်ပါ။

မဲပေးလွှာပေါ်တွင် အမှားများ ပြင်ခြင်း

- အကယ်၍ သင်သည် အမှားလုပ်မိပါက မရည်ရွယ်ခဲ့သည့် ရွေးချယ်မှုကို မျဉ်းဖြတ်ဆွဲပြီး သင်ရည်ရွယ်ခဲ့သည့် အဝိုင်းကို အမှတ်အသားပြုပါ သို့မဟုတ် မဲပေးလွှာအသစ် တောင်းဆိုပါ။

~~**ကိုယ်စားလှယ်လောင်း #1**~~ *(မရည်ရွယ်ခဲ့သော ရွေးချယ်မှု)*
ကိုယ်စားလှယ်လောင်း #2
ကိုယ်စားလှယ်လောင်း #3 *(သင့်ရွေးချယ်မှု)*

- ပြိုင်ပွဲတစ်ခုရှိ အမှားတစ်ခုသည် မဲပေးလွှာ၏ ကျန်သည့်အဝိုင်းကို မထိခိုက်ပါ

အလွန်အကျွံမဲပေးခြင်းကို ရှောင်ပါ

- ရွေးကောက်မည့်အရေအတွက်ထက်ပို၍ ကိုယ်စားလှယ်လောင်းများကို မရွေးချယ်ပါနှင့်။

မဲဆန္ဒရှင်မှ အမည်စာရင်းတင်သွင်းပြီး ပါတီစွဲမရှိသော ရိုးခန်းများ

ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်များ သိစေရန်အတွက် ပါတီဦးစားပေးမှု (သို့မဟုတ် တစ်ခုမှမရှိ) ကို ပြသသည်။ ၎င်းသည် ပါတီ ထောက်ခံချက် သို့မဟုတ် အတည်ပြုချက်မဟုတ်ပါ။

ပြည်နယ်

ပြည်နယ်အုပ်ချုပ်ရေးမှူး

တစ်ယောက်ကို မဲပေးပါ

- [ ] **STEVE HILTON**
အသေးစား စီးပွားရေးလုပ်ငန်းပိုင်ရှင်
ပါတီ ဦးစားပေးမှု- ရိုပတ်ဘလစ်ကန်

- [ ] **XAVIER BECERRA**
မဲပေးပိုင်ခွင့်ဆိုင်ရာ ရှေ့နေ
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

လက်ထောက်အုပ်ချုပ်ရေးမှူး

တစ်ယောက်ကို မဲပေးပါ

- [ ] **GLORIA ROMERO**
အသိပညာပေးသူ/အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်
ပါတီ ဦးစားပေးမှု- ရိုပတ်ဘလစ်ကန်

- [ ] **FIONA MA**
ပြည်နယ် ဘဏ္ဍာရေးမှူး/CPA
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

နိုင်ငံခြားရေးဝန်ကြီး

တစ်ယောက်ကို မဲပေးပါ

- [ ] **DONALD P. (DON) WAGNER**
Orange ကောင်တီ ကြီးကြပ်ရေးမှူး
ပါတီ ဦးစားပေးမှု- ရိုပတ်ဘလစ်ကန်

- [ ] **SHIRLEY N. WEBER**
California ပြည်နယ် နိုင်ငံခြားရေးဝန်ကြီး
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

ထိန်းသိမ်းကြီးကြပ်သူ

တစ်ယောက်ကို မဲပေးပါ

- [ ] **MALIA M. COHEN**
ပြည်နယ် ထိန်းသိမ်းကြီးကြပ်သူ/မိခင်
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

- [ ] **HERB W MORGAN**
ရင်းနှီးမြှုပ်နှံမှု အရာရှိချုပ်
ပါတီ ဦးစားပေးမှု- ရိုပတ်ဘလစ်ကန်

ဘဏ္ဍာရေးမှူး

တစ်ယောက်ကို မဲပေးပါ

- [ ] **JENNIFER HAWKS**
အငြိမ်းစား စီးပွားရေးလုပ်ငန်း အမှုဆောင်အရာရှိ
ပါတီ ဦးစားပေးမှု- ရိုပတ်ဘလစ်ကန်

- [ ] **ELENI KOUNALAKIS**
California ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

ရှေ့နေချုပ်

တစ်ယောက်ကို မဲပေးပါ

- [ ] **ROB BONTA**
ကယ်လီဖိုးနီးယားပြည်နယ် ရှေ့နေချုပ်
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

- [ ] **MICHAEL E. GATES**
အမေရိကန်ပြည်ထောင်စု ဒုတိယရှေ့နေ
ပါတီ ဦးစားပေးမှု- ရိုပတ်ဘလစ်ကန်

အာမခံ ကော်မရှင်အဖွဲ့ဝင်

တစ်ယောက်ကို မဲပေးပါ

- [ ] **JANE KIM**
ရှေ့နေ/စားသုံးသူဆိုင်ရာ ထောက်ခံအားပေးသူ
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

- [ ] **BEN ALLEN**
California ပြည်နယ် ဥပဒေပြုအထက်လွှတ်တော်အမတ်
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

ပြည်နယ် ညီမျှမှုဆိုင်ရာဘုတ်အဖွဲ့၊ ခရိုင် 1၊ အဖွဲ့ဝင်

တစ်ယောက်ကို မဲပေးပါ

- [ ] **SHANNON GROVE**
ပြည်နယ် ဥပဒေပြုအထက်လွှတ်တော်အမတ်/
အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်
ပါတီ ဦးစားပေးမှု- ရိုပတ်ဘလစ်ကန်

- [ ] **NELSON ESPARZA**
ကျောင်းဆရာ/စီးပွားရေးပညာရှင်/ကောင်စီဝင်
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

အမေရိကန်ပြည်ထောင်စုကိုယ်စားလှယ်

ဥပဒေပြုလွှတ်တော်ခရိုင် 9

တစ်ယောက်ကို မဲပေးပါ

- [ ] **JOSH HARDER**
ဖခင်/ကိုယ်စားလှယ်
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

- [ ] **JOHN MCBRIDE**
အားကစားစွမ်းဆောင်ရည် နည်းပြ
ပါတီ ဦးစားပေးမှု- ရိုပတ်ဘလစ်ကန်

ပြည်နယ် လွှတ်တော်အဖွဲ့ဝင်

လွှတ်တော် ခရိုင် 13

တစ်ယောက်ကို မဲပေးပါ

- [ ] **TOM PATTI**
စီးပွားရေးလုပ်ငန်းရှင်/ဖခင်
ပါတီ ဦးစားပေးမှု- ရိုပတ်ဘလစ်ကန်

- [ ] **RHODESIA RANSOM**
ပြည်နယ် လွှတ်တော်အဖွဲ့ဝင်
ပါတီ ဦးစားပေးမှု- ဒီမိုကရက်တစ်

တရားစီရင်ရေး

ရုံးတစ်ရုံးချင်းစီအတွက် ဟုတ်သည် သို့မဟုတ် မဟုတ်ပါ မဲပေးပါ။

တရားလွှတ်တော်ချုပ် တရားသူကြီး နေရာအတွက်

တရားလွှတ်တော်ချုပ် တွဲဖက်တရားသူကြီး **JOSHUA GROBAN** အား ဥပဒေအရ သတ်မှတ်ထားသော သက်တမ်းအတွက် ထိုရာထူး၌ ရွေးချယ် တင်မြှောက်သင့်ပါသလား။

- [ ] **ဟုတ်သည်**
- [ ] **မဟုတ်ပါ**

တရားလွှတ်တော်ချုပ် တရားသူကြီး နေရာအတွက်

တရားလွှတ်တော်ချုပ် တွဲဖက်တရားသူကြီး **KELLI M. EVANS** အား ဥပဒေအရ သတ်မှတ်ထားသော သက်တမ်းအတွက် ထိုရာထူး၌ ရွေးချယ် တင်မြှောက်သင့်ပါသလား။

- [ ] **ဟုတ်သည်**
- [ ] **မဟုတ်ပါ**

အယူခံတရားရုံး၊ တတိယခရိုင်၏ စီမံခန့်ခွဲရေးဆိုင်ရာ တရားသူကြီးချုပ်အဖြစ်

အုပ်ချုပ်မှုဆိုင်ရာ တရားသူကြီးချုပ် **LAURIE EARL** အား ဥပဒေတွင် ပြဋ္ဌာန်းထားသော သက်တမ်းအတွက် ရာထူး၌ ရွေးချယ် တင်မြှောက်သင့်ပါသလား။

- [ ] **ဟုတ်သည်**
- [ ] **မဟုတ်ပါ**

အယူခံတရားရုံး၊ တတိယခရိုင်၊ တွဲဖက် တရားသူကြီးအဖြစ်

တွဲဖက်တရားသူကြီး **LAURI DAMRELL** အား ဥပဒေတွင် ပြဋ္ဌာန်းထားသော သက်တမ်းအတွက် ရာထူး၌ ရွေးချယ်တင်မြှောက်သင့်ပါသလား။

- [ ] **ဟုတ်သည်**
- [ ] **မဟုတ်ပါ**

အယူခံတရားရုံး၊ တတိယခရိုင်၊ တွဲဖက် တရားသူကြီးအဖြစ်

တရားလွှတ်တော်ချုပ်/အယူခံတရားရုံး တွဲဖက် တရားသူကြီး **DAVID B. SAPP** အား ဥပဒေအရ သတ်မှတ်ထားသော သက်တမ်းအတွက် ထိုရာထူး၌ ရွေးချယ် တင်မြှောက်သင့်ပါသလား။

- [ ] **ဟုတ်သည်**
- [ ] **မဟုတ်ပါ**

အယူခံတရားရုံး၊ တတိယခရိုင်၊ တွဲဖက် တရားသူကြီးအဖြစ်

တွဲဖက်တရားသူကြီး **STACY BOULWARE EURIE** အား ဥပဒေတွင် ပြဋ္ဌာန်းထားသော သက်တမ်းအတွက် ရာထူး၌ ရွေးချယ် တင်မြှောက်သင့်ပါသလား။

- [ ] **ဟုတ်သည်**
- [ ] **မဟုတ်ပါ**

အယူခံတရားရုံး၊ တတိယခရိုင်၊ တွဲဖက် တရားသူကြီးအဖြစ်

တွဲဖက်တရားသူကြီး **JONATHAN RENNER** အား ဥပဒေတွင် ပြဋ္ဌာန်းထားသော သက်တမ်းအတွက် ရာထူး၌ ရွေးချယ်တင်မြှောက်သင့်ပါသလား။

- [ ] **ဟုတ်သည်**
- [ ] **မဟုတ်ပါ**

အယူခံတရားရုံး၊ တတိယခရိုင်၊ တွဲဖက် တရားသူကြီးအဖြစ်

တွဲဖက်တရားသူကြီး **AIMEE A. FEINBERG** အား ဥပဒေတွင် ပြဋ္ဌာန်းထားသော သက်တမ်းအတွက် ရာထူး၌ ရွေးချယ်တင်မြှောက်သင့်ပါသလား။

- [ ] **ဟုတ်သည်**
- [ ] **မဟုတ်ပါ**

အယူခံတရားရုံး၊ တတိယခရိုင်၊ တွဲဖက် တရားသူကြီးအဖြစ်

တွဲဖက်တရားသူကြီး **SHAMA MESIWALA** အား ဥပဒေတွင် ပြဋ္ဌာန်းထားသော သက်တမ်းအတွက် ရာထူး၌ ရွေးချယ်တင်မြှောက်သင့်ပါသလား။

- [ ] **ဟုတ်သည်**
- [ ] **မဟုတ်ပါ**

တရားဝင် မဲပေးလွှာ

SAN JOAQUIN ကောင်တီ
အထွေထွေရွေးကောက်ပွဲ
2026 ခုနှစ်၊ နိုဝင်ဘာလ 3 ရက်

Burmese BT 25

ကျောင်း

အစိုးရကျောင်း ကြီးကြပ်ရေးမှူး
တစ်ယောက်ကို မဲပေးပါ

☐ **SONJA SHAW**
ကျောင်း ခရိုင် ဥက္ကဋ္ဌ

☐ **RICHARD BARRERA**
ပြည်နယ်ကြီးကြပ်ရေးမှူး အကြီးပေး

☐ *ထပ်ဖြည့်*

San Joaquin Delta ကွန်မြူနတီကောလိပ် ခရိုင်ဘုတ်အဖွဲ့ဝင် ဘုတ်အဖွဲ့ဝင် နယ်မြေ 4
တစ်ယောက်ကို မဲပေးပါ

☐ **CHARLES R. JENNINGS**
Delta ကောလိပ် အုပ်ချုပ်မှုအဖွဲ့ဝင်

☐ **TONY SHAH**
အငြိမ်းစား ကျောင်းအုပ်ချုပ်ရေးမှူး

☐ *ထပ်ဖြည့်*

မြို့တော်

Stockton မြို့အဖွဲ့ဝင်၊ မြို့တော်ကောင်စီ ခရိုင် 3
တစ်ယောက်ကို မဲပေးပါ

☐ **MICHAEL BLOWER**
ကောင်စီဝင်/စီးပွားရေးလုပ်ငန်းပိုင်ရှင်

☐ **JESSICA TOCCOLI**
အသိပညာပေးသူ

ခရိုင်

Stockton East Water District ဘုတ်အဖွဲ့ဝင်၊ ဌာနခွဲ 2
တစ်ယောက်ကို မဲပေးပါ

☐ **ANDREW WATKINS**
တာဝန်ထမ်းဆောင်ဆဲပုဂ္ဂိုလ်

☐ **MATT GANDOLFO**
တောင်သူလယ်သမား

☐ *ထပ်ဖြည့်*

Stockton East Water District ဘုတ်အဖွဲ့ဝင်၊ ဌာနခွဲ 3 ရေတို
တစ်ယောက်ကို မဲပေးပါ

☐ **RYAN G. HANSEN**
တာဝန်ခန့်အပ်ခံထားရသူ

☐ **WAYNE S. WATANABE**
တောင်သူလယ်သမား

☐ *ထပ်ဖြည့်*

Stockton East Water District ဘုတ်အဖွဲ့ဝင်၊ ဌာနခွဲ 7
တစ်ယောက်ကို မဲပေးပါ

☐ **MARY ELIZABETH**
သိပ္ပံပညာရှင်/R.E.H.S.

☐ **THOMAS MCGURK**
တောင်သူလယ်သမား

☐ *ထပ်ဖြည့်*

မဲဆန္ဒရှင်များထံ တင်ပြထားသော အဆိုပြုချက်များ

ပြည်နယ်

အဆိုပြုချက် 1

တတ်နိုင်သောဈေးနှုန်းဖြင့် အိမ်ရာရရှိရေး အစီအစဉ်များအတွက် ငွေချေးစာချုပ်များ ထုတ်ဝေခွင့်ပြုသည်။ ဥပဒေပြုပြဋ္ဌာန်းချက်။
တတ်နိုင်သောဈေးနှုန်းဖြင့် နေထိုင်နိုင်ရေး အစီအစဉ်များအတွက် ဒေါ်လာ $11.25 ဘီလီယံ တန်ဖိုးရှိ ပြည်နယ်အစိုးရ၏ တာဝန်ခံမှုအပြည့် ရှိသော ငွေချေးစာချုပ်များထုတ်ဝေခွင့်ပြုထားပါသည်။ အဆိုပါအစီအစဉ်များတွင် မိသားစုအများအပြားနေထိုင်နိုင်သော အဌားအိမ်ရာများ၊ စစ်မှုထမ်းဟောင်းများအတွက် အိမ်ရာဝယ်ယူရေးချေးငွေများ၊ အထောက်အပံ့ပေးဝန်ဆောင်မှုများပါဝင်သည့် အိမ်ရာများ၊ လက်ရှိရှိပြီးသား တတ်နိုင်သောဈေးနှုန်းရှိ အိမ်ရာများကို ထိန်းသိမ်းခြင်းနှင့် အိမ်ဝယ်ယူရာတွင် ကနဦးပေးသွင်းငွေအတွက် အကူအညီပေးခြင်းတို့ ပါဝင်သည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** အိမ်ရာဆိုင်ရာ ငွေချေးစာချုပ်ကို ပြန်ဆပ်ရန်အတွက် နှစ်ပေါင်း 25 နှစ်ခန့်ကြာအောင် နှစ်စဉ် ပြည်နယ်အစိုးရ၏ ကုန်ကျစရိတ် ဒေါ်လာ $500 မှ သန်း $600 အထိ တိုးမြင့်လာမည် ဖြစ်သည်။ **ထောက်ခံအားပေးသူများ-** အမေရိကန် စစ်မှုထမ်းဟောင်းများ၊ ကယ်လီဖိုးနီးယား ဆရာများအသင်းချုပ်၊ သက်ကြီးရွယ်အိုများအတွက် ကိုယ်တိုင်ကူညီဆောင်ရွက်မှု၊ လူသားမျိုးနွယ်အတွက် နေအိမ်ကယ်လီဖိုးနီးယား နှင့် ကယ်လီဖိုးနီးယားပြည်နယ် ကလေးနှင့် မိသားစုဝန်ဆောင်မှုဆိုင်ရာ မဟာမိတ်အဖွဲ့တို့သည် **ကန့်ကွက်သူများ-** တင်ပြထားခြင်း မရှိပါ။

☐ **ဟုတ်သည်**

☐ **မဟုတ်ပါ**

အဆိုပြုချက် 2

ပြည်နယ်၏ အရေးပေါ်ရန်ပုံငွေကို တိုးမြှင့်ပေးသည်။ ဥပဒေပြုလွှတ်တော်မှတစ်ဆင့် ပြုလုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်။
စီးပွားရေးကျဆင်းချိန်များတွင် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပြည်သူ့လုံခြုံရေးနှင့် အခြားသော မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများအတွက် ရန်ပုံငွေ ထောက်ပံ့ပေးနိုင်ရန်၊ 2014 ခုနှစ်တွင် မဲဆန္ဒရှင်များက အတည်ပြုခဲ့သော ကယ်လီဖိုးနီးယားပြည်နယ်၏အရေးပေါ်အခြေအနေအတွက် သီးသန့်ထားရှိသော ရန်ပုံငွေပမာဏကို တိုးမြှင့်ပေးသည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** ပြည်နယ်ဘတ်ဂျက် အရန်ငွေများ ပိုမိုများပြားလာမည်ဖြစ်သည်။ **ထောက်ခံအားပေးသူများ-** ကယ်လီဖိုးနီးယား ကျွမ်းကျင်မီးသတ်သမားများအသင်း၊ လော့စ်အိန်ဂျလိစ် ကုန်သည်ကြီးများအသင်း)၊ Gavin Newsom၊ Xavier Becerra၊ လွှတ်တော်အမတ် Jesse Gabriel တို့နှင့် **ဆန့်ကျင်သူများ -** တင်ပြထားခြင်း မရှိပါ။

☐ **ဟုတ်သည်**

☐ **မဟုတ်ပါ**

အဆိုပြုချက် 3

ဝင်ငွေမြင့်မားသူများအပေါ် လက်ရှိကောက်ခံနေသော အခွန်ကို သက်တမ်းတိုးမြှင့်ကောက်ခံခြင်းအားဖြင့် ကျောင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ရန်ပုံငွေကို အမြဲတမ်းရရှိစေပါသည်။ ပြည်သူ့အဆိုပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း။
ဝင်ငွေ ဒေါ်လာ $371,000 ကျော်ရရှိသူများအတွက် (ငွေကြေးဖောင်းပွမှုနှုန်းနှင့် အညီ နှစ်စဉ် ပြင်ဆင်သတ်မှတ်သည့်) မဲဆန္ဒရှင်များ၏ အတည်ပြုချက်ရရှိထားပြီးဖြစ်သော အခွန်နှုန်းထားများကို အမြဲတမ်းအာဏာတည်စေပါသည်။ အခွန်ရငွေများကို ပြည်သူ့ပညာရေးအတွက် ခွဲဝေချထားပေးသည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** ဝင်ငွေမြင့်မားသူများ အပေါ်ကောက်ခံသည့် ယာယီအခွန်တိုးမြှင့်မှုကို 2031 ခုနှစ်တွင် သက်တမ်းကုန်ဆုံးခွင့်မပြုဘဲ အမြဲတမ်းအခွန်စနစ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်းအားဖြင့် နှစ်စဉ် ပြည်နယ်ဝင်ငွေ ခွန်ရငွေ ဒေါ်လာ $5 ဘီလီယံမှ $15 ဘီလီယံ အထိ ပမာဏကို ဆက်လက်ထိန်းသိမ်းထားရှိသည်။ **ထောက်ခံအားပေးသူများ-** ကယ်လီဖိုးနီးယား ဆရာများအသင်း၊ ကယ်လီဖိုးနီးယား ကျောင်းသူနာပြုများအသင်း၊ ကယ်လီဖိုးနီးယားပြည်နယ် မိဘ-ဆရာ အသင်းနှင့် ကာလီဖိုးနီးယား မိသားစုစီမံကိန်းနှင့် မျိုးဆက်ပွားကျန်းမာရေး အဖွဲ့ခွဲများတို့သည် **ကန့်ကွက်သူများ-** ကယ်လီဖိုးနီးယား အခွန်ထမ်းများအသင်း၊ ကယ်လီဖိုးနီးယား မိသားစုပိုင်စီးပွားရေးလုပ်ငန်းများအသင်း၊ ကယ်လီဖိုးနီးယား ဟစ်စပန်းနစ် ကုန်သည်ကြီးများအသင်း

☐ **ဟုတ်သည်**

☐ **မဟုတ်ပါ**

အဆိုပြုချက် 4

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင် ပြည်သူ့ဘဏ္ဍာ/အစိုးရ ရန်ပုံငွေ သုံးစွဲခွင့် တားမြစ်ထားချက်ကို ပယ်ဖျက်ခြင်း။ ဥပဒေပြုပြဋ္ဌာန်းချက်။
ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရများမှ အမတ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများအတွက် ပြည်သူ့ဘဏ္ဍာ/အများပြည်သူ ရန်ပုံငွေ ထောက်ပံ့ပေးခြင်းကို တားမြစ်ထားချက်အား ပယ်ဖျက်ခြင်း။ အများပြည်သူဆိုင်ရာ ရန်ပုံငွေအစီအစဉ်များသည် ပညာရေး၊ သယံဇာတပို့ဆောင်ရေး သို့မဟုတ် ပြည်သူ့လုံခြုံရေးအတွက် သီးသန့်ခွဲဝေထားသော ရန်ပုံငွေများကို အသုံးပြုခွင့်မရှိပါ။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** ပြည်နယ်နှင့် ဒေသန္တရအစိုးရများထံမှ အများပြည်သူဆိုင်ရာ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး ရန်ပုံငွေ အစီအစဉ်များနှင့် ပတ်သက်သည့် မေးခွန်းများကို မျှတသော နိုင်ငံရေးလုပ်ငန်းစဉ်များဆိုင်ရာ ကော်မရှင်က ဖြေကြားပေးနိုင်ရန်အတွက် ပြည်နယ်အစိုးရအနေဖြင့် နှစ်စဉ် ဒေါ်လာငွေ ရာနှင့်ချီသော ပမာဏကို ဆက်လက်ကုန်ကျနေရပါသည်။ **ထောက်ခံအားပေးသူများ-** ကယ်လီဖိုးနီးယားပြည်နယ် အမျိုးသမီးမဲဆန္ဒရှင်များအဖွဲ့၊ ကယ်လီဖိုးနီးယား သူနာပြုများအသင်း၊ စိတ်ကျန်းမာရေးဆိုင်ရာ ထောက်ခံအားပေးလှုံ့ဆော်မှု၊ လူမှုမဖူလုံရေးစနစ်သည် ထိရောက်အကျိုးရှိသည်နှင့် စားသုံးသူအရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့တို့သည် **ဆန့်ကျင်သူများ-** ကယ်လီဖိုးနီးယား အခွန်ထမ်းများအသင်း၊ ဟောင်းဝပ် ဂျားဗစ် အခွန်ထမ်းများအသင်း၊ ကယ်လီဖိုးနီးယား မိသားစုပိုင်လုပ်ငန်းများအသင်း၊ ယူနိုက်တက် လာတီနိုစ် အက်ရှင်

☐ **ဟုတ်သည်**

☐ **မဟုတ်ပါ**

တရားဝင် မဲပေးလွှာ

SAN JOAQUIN ကောင်တီ
အထွေထွေရွေးကောက်ပွဲ
2026 ခုနှစ်၊ နိုဝင်ဘာလ 3 ရက်

Burmese BT 25

အဆိုပြုချက် 5

ပြည်နယ်အဆင့် ရာထူးရှိသူများအား ရာထူးမှ ပြန်လည်ရုပ်သိမ်းခေါ်ယူနိုင်ရေး ရွေးကောက်ပွဲ လုပ်ငန်းစဉ်ဆိုင်ရာ ပြောင်းလဲမှုများ။ ဥပဒေပြုလွှတ်တော်မှတစ်ဆင့် ပြုလုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်။ လက်ရှိ ဥပဒေအရ မဲဆန္ဒရှင်များသည် ရာထူးမှပြန်လည်ရုပ်သိမ်းရေးဆိုင်ရာ ရွေးကောက်ပွဲနှင့် တစ်ချိန်တည်းမှာပင် အစားထိုးကိုယ်စားလှယ်လောင်းများကို ရွေးချယ်ကြသည်။ ယင်းအစား၊ ဤအစီအမံသည် ရာထူးမှပြန်လည်ရုပ်သိမ်းခံရမှုကြောင့် လစ်လပ်သွားသောနေရာများကို နောက်ဆက်တွဲ အထူးရွေးကောက်ပွဲ သို့မဟုတ် ခန့်အပ်ခြင်းတို့ဖြင့် ဖြည့်ဆည်းပေးပါသည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** အသားတင် ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု မသိရှိရပါ။ ရာထူးမှ ပြန်လည်ရုပ်သိမ်းခြင်းပြုလုပ်ရသည့် ကိစ္စရပ်တွင်၊ သက်ဆိုင်ရာရာထူးအမျိုးအစား အပေါ် မူတည်၍ ရွေးကောက်ပွဲကျင်းပရာ၌ ဒေါ်လာသန်းနှင့်ချီသော ကုန်ကျစရိတ်များ သို့မဟုတ် ငွေကြေးသက်သာမှုများ ရှိလာနိုင်ပါသည်။ **ထောက်ခံအားပေးသူများ-** တင်ပြထားသော **ပြိုင်ဘက်များ** မရှိ- တင်ပြထားခြင်း မရှိပါ။

☐ **ဟုတ်သည်**
☐ **မဟုတ်ပါ**

အဆိုပြုချက် 37

သတ်မှတ်ချက်များနှင့် ကိုက်ညီသော အိမ်သစ်များကို ဝယ်ယူမည့် အလယ်အလတ်ဝင်ငွေရှိသူများအတွက် ချေးငွေအစီအစဉ်တစ်ခုကို ဖန်တီးပေးပါသည်။ ပြည်သူ့အဆိုပြု ဥပဒေ။ တန်ဖိုး ဒေါ်လာ $1.5 သန်းခန့်အောက်ရှိ အိမ်အသစ်တစ်လုံး ဝယ်ယူရာတွင်၊ အရည်အချင်းပြည့်မီသော ဝယ်ယူသူများအား ဝယ်ယူသည့် စျေးနှုန်း၏ 17% အထိအတွက် အတိုးနှုန်းသေချာသည့် အိမ်ရာချေးငွေများ ပေးအပ်နိုင်ရန် ဒေါ်လာ $25 ဘီလီယံတန်ဖိုးရှိ ငွေချေးစာချုပ်များ ထုတ်ဝေခွင့်ပြုထားသည်။ ချေးငွေရယူသူများသည် ကယ်လီဖိုးနီးယားပြည်နယ်တွင် နေထိုင်သူများဖြစ်ရမည်၊ အဆိုပါနေအိမ်တွင် ကိုယ်တိုင်နေထိုင်သူများ ဖြစ်ရမည်၊ ဝင်ငွေကန့်သတ်ချက်များနှင့် ကိုက်ညီရမည် ဖြစ်ပြီး အနည်းဆုံး 3% ရာခိုင်နှုန်းကို ကနဦး ပေးသွင်းငွေအဖြစ် ပေးသွင်းရမည်။ အစိုးရကမဟုတ်ဘဲ အိမ်ရာချေးငွေပြန်ဆပ်မှုများ မှတစ်ဆင့် ပြန်လည်ပေးဆပ်သည့် ငွေချေးစာချုပ်များ။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** ပြည်နယ် သို့မဟုတ် ဒေသအဆင့်တွင် တိုက်ရိုက်ကုန်ကျစရိတ် မရှိပါ။ **ထောက်ခံအားပေးသူများ-** ကယ်လီဖိုးနီးယား သူနာပြုများအသင်းများသမဂ္ဂ၊ ကယ်လီဖိုးနီးယား လက်သမားများညီလာခံနှင့် ကယ်လီဖိုးနီးယားပြည်နယ် ဘဏ္ဍာရေးမှူး Fiona Ma တို့၏ **ဆန့်ကျင်သူများ -** တင်ပြထားခြင်း မရှိပါ။

☐ **ဟုတ်သည်**
☐ **မဟုတ်ပါ**

အဆိုပြုချက် 38

ကိုယ်ခံအားဆိုင်ရာ ဆေးပညာသုတေသနအတွက် ငွေချေးစာချုပ်များ ထုတ်ဝေခွင့်ပြုသည်။ ပြည်သူ့အဆိုပြု ဥပဒေ။ ကိုယ်ခံအားပညာနှင့် ကိုယ်ခံအားကုထုံးဆိုင်ရာ သုတေသနလုပ်ငန်းများအတွက် ဒေါ်လာ $8.4 ဘီလီယံတန်ဖိုးရှိ အထွေထွေတာဝန်ခံမှုဆိုင်ရာ ငွေချေးစာချုပ်များထုတ်ဝေခွင့်ပြုထားပြီး၊ ယင်းငွေပမာဏ၏ တစ်ဝက်ကို ကယ်လီဖိုးနီးယား တက္ကသိုလ်နှင့် ချိတ်ဆက်ထားသော အကျိုးအမြတ်မယူသည့် ဆေးဘက်ဆိုင်ရာ သုတေသနဌာနတစ်ခုသို့လည်းကောင်း၊ ကျန်တစ်ဝက်ကို သုတေသနလုပ်ငန်းဆိုင်ရာ ထောက်ပံ့ကြေးများအဖြစ်လည်းကောင်း ခွဲဝေပေးအပ်မည်ဖြစ်သည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** သုတေသနဆိုင်ရာ ငွေချေးစာချုပ်ကို ပြန်လည်ပေးဆပ်ရန်အတွက် နှစ်ပေါင်း 20 ခန့်ကြာမြင့်မည့် ကာလအတွင်း ပြည်နယ်အစိုးရအနေဖြင့် တစ်နှစ်လျှင် ဒေါ်လာသန်း $500 မှ သန်း $600 အထိ ကုန်ကျစရိတ် ပိုမိုကျခံရမည်ဖြစ်ပြီး၊ အဆိုပါရန်ပုံငွေဖြင့် လုပ်ဆောင်သော သုတေသနလုပ်ငန်းမှ ဝင်ငွေရရှိလာပါက ကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်ခုလုံးကို ပြန်လည်ကာမိစေမည် ဖြစ်သည်။ **ထောက်ခံအားပေးသူများ-** Michael J. Fox ဖောင်ဒေးရှင်း၊ Alzheimer ၏ လော့စ်အိန်ဂျလိစ်၊ ကျောက်ကပ်ကင်ဆာအသင်း၊ အမေရိကန် သူနာပြုများအသင်းနှင့် ကယ်လီဖိုးနီးယားပြည်နယ်မှ **ကန့်ကွက်သူများ -** Robert M Kaplan Ph.D. (ပါရဂူဘွဲ့)

☐ **ဟုတ်သည်**
☐ **မဟုတ်ပါ**

အဆိုပြုချက် 39

အစိုးရထုတ် မှတ်ပုံတင်စာရွက်စာတမ်းကို ပြသမှုသာလျှင် နိုင်ငံသားများအား မဲပေးခွင့်ပြုသည်။ ပြည်သူ့အဆိုပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း။ စာအိတ်ပေါ်တွင် အစိုးရထုတ်ပေးထားသော သတ်မှတ်အမှတ်အသားနံပါတ်၏ နောက်ဆုံးဂဏန်း ၄ လုံးကို ရေးသားဖော်ပြထားခြင်းမရှိသည့် စာတိုက်မှတစ်ဆင့် ပေးပို့သော မဲများကို ပယ်ဖျက်သည်။ အစိုးရထုတ် မှတ်ပုံတင်စာရွက်စာတမ်းကို မပြသဘဲ လူကိုယ်တိုင် မဲပေးခြင်းကို တားမြစ်ထားသည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** မဲပေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်အသစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်းများစွာမှ ဒေါ်လာသန်းရာဂဏန်းအနည်းငယ်အထိ ကုန်ကျစရိတ်ရှိပါသည်။ **ထောက်ခံအားပေးသူများ-** ပွင့်လင်းမြင်သာမှုဆိုင်ရာ ဖောင်ဒေးရှင်း၊ လက်တီနိ-အမေရိကန် နိုင်ငံရေးအသင်းအဖွဲ့ဟောင်းဝါ့ဒ် ဂျားဗစ်စ် အခွန်ပေးဆောင်သူများအသင်းနှင့် ကယ်လီဖိုးနီးယား အမျိုးသမီး ခေါင်းဆောင်မှ အသင်းတို့သည် **ကန့်ကွက်သူများ-** ACLU ကယ်လီဖိုးနီးယား အက်ရှင်; အဖြစ်များသောအကြောင်းရင်း၊ ကယ်လီဖိုးနီးယားပြည်နယ် အမျိုးသမီးမဲဆန္ဒရှင်များ အဖွဲ့ချုပ်

☐ **ဟုတ်သည်**
☐ **မဟုတ်ပါ**

အဆိုပြုချက် 40

အခွန်ထမ်းအချို့အပေါ် တစ်ကြိမ်သာပေးဆောင်ရမည့် အခွန်တစ်ရပ်ကို သတ်မှတ်ပြဋ္ဌာန်းသည်။ ပြည်သူ့အဆိုပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့် ဥပဒေ ပြဋ္ဌာန်းခြင်း။ ပိုင်ဆိုင်မှုတန်ဖိုး အမေရိကန် ဒေါ်လာ $1 ဘီလီယံကျော်ရှိသော အခွန်ထမ်း အချို့အပေါ် 5% ရာခိုင်နှုန်း အခွန်ကောက်ခံပြီး၊ ရရှိလာမည့် ဝင်ငွေကို အဓိကအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အသုံးပြုမည်ဖြစ်သည်။ ကျောင်းရန်ပုံငွေနှင့် စရိတ်သုံးစွဲမှု ကန့်သတ်ချက်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ချက်များမှ ဝင်ငွေများကို ကင်းလွတ်ခွင့်ပြုသည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** ဘီလီယံနာများအပေါ် ချမ်းသာကြွယ်ဝမှုဆိုင်ရာ အခွန်ကောက်ခံခြင်းမှတစ်ဆင့် နှစ်ပေါင်းများစွာကာလအတွင်း ဒေါ်လာဘီလီယံပေါင်းများစွာ ဝင်ငွေယာယီတိုးတက်ရရှိလာခြင်း။ ဘီလီယံနာများထံမှ ရရှိသည့် ဝင်ငွေခွန်ရငွေတွင် တစ်နှစ်လျှင် ဒေါ်လာ $1 ဘီလီယံအောက် လျော့နည်းသွားနိုင်သည့် အခြေအနေဆက်လက်ဖြစ်ပေါ်နေခြင်း။ **ထောက်ခံအားပေးသူများ-** အမေရိကန် အထက်လွှတ်တော်အမတ် Bernie Sanders နှင့် SEIU ယူနိုက်တက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများ အနောက်ဘက် မှ **ဆန့်ကျင်သူများ -** ကယ်လီဖိုးနီးယား မူလကျန်းမာရေးစောင့်ရှောက်မှု အသင်း၊ ကယ်လီဖိုးနီးယား ကျောင်းအုပ်ချုပ်ရေးဘုတ်အဖွဲ့များအသင်း၊ ကယ်လီဖိုးနီးယား အခွန်ထမ်းများအသင်း

☐ **ဟုတ်သည်**
☐ **မဟုတ်ပါ**

အဆိုပြုချက် 41

ပြည်နယ်၏ အသုံးစရိတ်ကန့်သတ်ချက်တွင် မပါဝင်သော ဝင်ငွေများရရှိစေမည့် ပြည်နယ်အခွန်သစ်များ ကောက်ခံခြင်းကို တားမြစ်သည်။ ပြည်နယ်၏ အထူးအခွန်သစ်များအတွက် စာရင်းစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်သည်။ ပြည်သူ့အဆိုပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း။ 2026 ခုနှစ်၊ ဇန်နဝါရီလ 1 ရက်နေ့နောက်ပိုင်း ပြဋ္ဌာန်းခဲ့ပြီး၊ မဲဆန္ဒရှင်များ၏ အတည်ပြုချက်ရရှိထားသော ပြည်နယ်အစိုးရ၏ အသုံးစရိတ်ကန့်သတ်ချက်မှ ၎င်းတို့ရရှိသည့် ဝင်ငွေများကို ကင်းလွတ်ခွင့်ပြုထားသည့် ပြည်နယ်အခွန်များကို ပယ်ဖျက်စေသည်။ အခွန်အမျိုးအစားသစ်များမှ ရရှိသောရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အစီအစဉ်များအတွက် ရွေးကောက်ပွဲမတိုင်မီနှင့် အချိန်ကာလအလိုက် ထပ်ခါတလဲလဲ ပြုလုပ်ရမည့် စာရင်းစစ်ဆေးမှုများ လိုအပ်ပါသည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** မဲဆန္ဒရှင်များ၊ ဥပဒေပြုလွှတ်တော်နှင့် အခြားသော မူဝါဒချမှတ်သူများ၏ အနာဂတ်ဆုံးဖြတ်ချက်များအပေါ် မူတည်နေသောကြောင့် ဘဏ္ဍာရေးဆိုင်ရာ အသားတင်သက်ရောက်မှုမှာ မည်သို့ရှိမည်ကို မသိရှိရသေးပါ။ **ထောက်ခံအားပေးသူများ-** ကယ်လီဖိုးနီးယားပြည်နယ် အသိအမှတ်ပြု ပြည်သူ့စာရင်းကိုင်များ အသင်း (CalCPAs)၊ ကယ်လီဖိုးနီးယား-အာရှ ကုန်သည်ကြီးများအသင်းနှင့် ကယ်လီဖိုးနီးယား အခွန်ထမ်းများအသင်း (CalTax) တို့မှ **ကန့်ကွက်သူများ -** အမေရိကန် အထက်လွှတ်တော်အမတ် ဘာနီ ဆန်းဒါးစ်၊ SEIU ယူနိုက်တက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများ အနောက်ဘက်

☐ **ဟုတ်သည်**
☐ **မဟုတ်ပါ**

တရားဝင် မဲပေးလွှာ

SAN JOAQUIN ကောင်တီ
အထွေထွေရွေးကောက်ပွဲ
2026 ခုနှစ်၊ နိုဝင်ဘာလ 3 ရက်

Burmese BT 25

အဆိုပြုချက် 42

ပြည်နယ်အဆင့် ပုဂ္ဂလိကပိုင်ပစ္စည်းခွန်အသစ်များနှင့် အတိတ်ကာလအထိ သက်ရောက်စေမည့် ပြည်နယ်ခွန်အချို့ကို တားမြစ်သည်။ ပြည်သူ့အဆိုပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း။ (1) ပုဂ္ဂလိကပိုင် ပစ္စည်းများ (အိမ်ခြံမြေမှလွဲ၍ လူတစ်ဦးချင်းစီပိုင်ဆိုင်သည့် အရာအားလုံး) ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် ပြည်နယ်အခွန်သစ် သို့မဟုတ် (2) အခွန်ထမ်း၏ ယခင်လုပ်ဆောင်ချက်များအပေါ် အခြေခံ၍ နောက်ကြောင်းပြန် အကျိုးသက်ရောက်စေမည့် အခွန်သစ်တစ်စုံတစ်ရာကို တားမြစ်ထားပါသည်။ 2026 ခုနှစ်၊ ဇန်နဝါရီလ 1 ရက်နေ့နောက်ပိုင်း ပြဋ္ဌာန်းခဲ့ပြီး ဤအစီအမံနှင့် ဆန့်ကျင်ကွဲလွဲနေသော အခွန်များကို ပယ်ဖျက်သည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** အနာဂတ်တွင် အခွန်ရငွေများ ယခင်ကလောက် တိုးတက်လာမည်မဟုတ်သည့် ဖြစ်နိုင်ခြေ။ **ထောက်ခံအားပေးသူများ-** ကယ်လီဖိုးနီးယားပရော်ဖက်ရှင်နယ် မီးသတ်သမားများ၊ ကယ်လီဖိုးနီးယားပြည်နယ် အဆောက်အဦနှင့် ဆောက်လုပ်ရေး ကုန်သွယ်ရေးကောင်စီ၊ ကယ်လီဖိုးနီးယား ဌာန အမေရိကန် စစ်မှုထမ်းဟောင်းများ အဖွဲ့ (AMVETS/ American Veterans) **ဆန့်ကျင်သူများ-** အမေရိကန် အထက်လွှတ်တော်အမတ် ဘာနီ ဆန်းဒါးစ်၊ SEIU ယူနိုက်တက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများ အနောက်ဘက်

☐ ဟုတ်သည်

☐ မဟုတ်ပါ

အဆိုပြုချက် 43

ဒေသန္တရအစိုးရ ဝန်ဆောင်မှုများအတွက် ဝင်ငွေရှာဖွေနိုင်စွမ်းအပေါ် မဲဆန္ဒရှင်များ၏ စွမ်းဆောင်နိုင်မှုကို ကန့်သတ်ထားသည်။ ဥပဒေပြုလွှတ်တော်မှတစ်ဆင့် ပြုလုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်။ 2027 ခုနှစ်၊ ဇန်နဝါရီလ 1 ရက်နေ့မှစတင်၍ မဲဆန္ဒရှင်များက အဆိုပြုတင်ပြသော ဒေသဆိုင်ရာ အထူးအခွန်ကောက်ခံမှုဆိုင်ရာ အဆိုပြုချက်များကို အတည်ပြုရန် လိုအပ်သည့် မဲရာခိုင်နှုန်းကို ရိုးရိုးအများစုမဲ (50% ရာခိုင်နှုန်းကျော်) မှ သုံးပုံနှစ်ပုံမဲအထိ တိုးမြင့်သတ်မှတ်ခြင်းအားဖြင့် အဆိုပါအဆိုပြုချက်များကို အတည်ပြုနိုင်စွမ်းအပေါ် ကန့်သတ်ထားပါသည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** အခွန်အချို့အတွက် မဲပေးဆုံးဖြတ်မှုဆိုင်ရာ သတ်မှတ်ချက်အဆင့် မြင့်မားလာခြင်းကြောင့် အနာဂတ်တွင် ဒေသန္တရအစိုးရ၏ အခွန်ရငွေများ လုံလောက်စွာ တိုးတက်လာမည်မဟုတ်သည့် ဖြစ်နိုင်ခြေများသည်။ **ထောက်ခံအားပေးသူများ-** ကယ်လီဖိုးနီးယား အခွန်ထမ်းသူများအသင်း; ကယ်လီဖိုးနီးယား မိသားစုစီးပွားရေးအသင်း၊ ကယ်လီဖိုးနီးယား ဟစ်စပန်းနစ် ကုန်သည်ကြီးများအသင်း **ဆန့်ကျင်သူများ-** ကယ်လီဖိုးနီးယား ကျွမ်းကျင်မီးသတ်သမားများအသင်း၊ ကယ်လီဖိုးနီးယား ဆရာဆရာမများအဖွဲ့ချုပ်၊ SEIU CA သူနာပြုများမဟာမိတ်အဖွဲ့

☐ ဟုတ်သည်

☐ မဟုတ်ပါ

အဆိုပြုချက် 44

ရပ်ရွာကျန်းမာရေးဆေးခန်းများအနေဖြင့် ၎င်းတို့၏ ဝင်ငွေ၏ 90% ရာခိုင်နှုန်းကို အစီအစဉ်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် သုံးစွဲရန် လိုအပ်သည်။ ပြည်သူ့အဆိုပြု ဥပဒေ။ ဖက်ဒရယ်အစိုးရ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသော အကျိုးအမြတ်မယူသည့် ကျန်းမာရေးစင်တာများ (ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ လုံလောက်စွာ မရရှိနိုင်သော ဒေသများနှင့် လူအုပ်စုများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်သည့် ရပ်ရွာအခြေပြု ဆေးခန်းများ) အပေါ် ပြစ်ဒဏ်များ ချမှတ်ပါသည်။ ၎င်းတို့၏ ပရဟိတလုပ်ငန်း ရည်ရွယ်ချက်ကို အထောက်အကူပြုသည့် "အစီအစဉ်ဆိုင်ရာ ဝန်ဆောင်မှုများ" (လူနာများအား ဝန်ဆောင်မှုပေးခြင်းအပါအဝင်) အတွက် ဝင်ငွေ၏ 90% ရာခိုင်နှုန်းအောက်သာ သုံးစွဲသည့်အခါ ယင်းသို့ ပြစ်ဒဏ်ချမှတ်ခြင်း ဖြစ်သည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** နှစ်စဉ် ဒေါ်လာသန်းပေါင်းဆယ်ဂဏန်းအနည်းငယ်ခန့်ရှိသော ပြည်နယ်၏ ကုန်ကျစရိတ်တိုးလာမှုကို အခကြေးငွေများဖြင့် ကာမိစေမည်ဖြစ်သည်။ **ထောက်ခံအားပေးသူများ-** တင်ပြထားသော **ပြိုင်ဘက်များ** မရှိ- အမေရိကန် ကလေးအထူးကု ဆေးပညာအကယ်ဒမီ၊ ကယ်လီဖိုးနီးယား ကျောင်းကျန်းမာရေးစောင့်ရှောက်မှု သူနာပြုများအသင်း၊ ကယ်လီဖိုးနီးယား မိသားစုဆရာဝန်များအကယ်ဒမီ၊ ကယ်လီဖိုးနီးယား ဆေးပညာအသင်း။

☐ ဟုတ်သည်

☐ မဟုတ်ပါ

အဆိုပြုချက် 45

စီမံကိန်းအချို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ သုံးသပ်စစ်ဆေးမှုကို ပြင်ဆင်သတ်မှတ်ခြင်း။ ပြည်သူ့အဆိုပြု ဥပဒေ။ အိမ်ရာ၊ သယ်ယူပို့ဆောင်ရေး၊ ရေနှင့် ကျန်းမာရေးဆိုင်ရာ စီမံကိန်းအများစုအပါအဝင် စီမံကိန်းအချို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ သုံးသပ်စစ်ဆေးမှုများကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရန် CEQA ဥပဒေကို ပြင်ဆင်သတ်မှတ်ခြင်း။ ဤပြင်ဆင်ချက်တွင် ပတ်ဝန်းကျင်ဆိုင်ရာ သုံးသပ်စစ်ဆေးမှု ပြီးစီးရမည့်ကာလနှင့် စီမံကိန်းခွင့်ပြုချက်များကို ကန့်ကွက်သည့် တရားစွဲဆိုမှုများအား ဖြေရှင်းဆောင်ရွက်ရမည့်ကာလတို့အတွက် သတ်မှတ်ရက်များ သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ **ဘဏ္ဍာရေးဆိုင်ရာ သက်ရောက်မှု-** ပြည်နယ်နှင့် ဒေသန္တရအစိုးရများအတွက် ကနဦးကုန်ကျစရိတ်များမှာ တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်းများစွာ (အများအပြား) - ဖြစ်နိုင်ခြေအားဖြင့် ဒေါ်လာသန်း $100 ကျော် အထိ - ရှိနိုင်ပြီး၊ ၎င်းကုန်ကျစရိတ်များကို အခကြေးငွေများဖြင့် တစ်စိတ်တစ်ပိုင်း ကာမိစေမည်ဖြစ်သည်။ ရေရှည် ဘဏ္ဍာရေးအပေါ် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုး ပိုမိုကြီးမားစွာ သက်ရောက်နိုင်ခြေ ရှိသော်လည်း မရေရာသေးခြင်း။ **ထောက်ခံအားပေးသူများ-** ကယ်လီဖိုးနီးယား ကလေးဆေးရုံအသင်း၊ ကယ်လီဖိုးနီးယား ရေအသင်း၊ ကယ်လီဖိုးနီးယား တတ်နိုင်သော အိမ်ရာကောင်စီ **ဆန့်ကျင်သူများ-** သန်ရှင်းသောလေထုအတွက် မဟာမိတ်အဖွဲ့၊ ကယ်လီဖိုးနီးယား ပတ်ဝန်းကျင်ဆိုင်ရာ မဲဆန္ဒရှင်များ၊ လူမှုရေးတာဝန်ယူမှုဆိုင်ရာ ဆရာဝန်များအဖွဲ့ - လော့စ်အိန်ဂျလိစ်၊ အမျိုးသားတောရိုင်းတိရစ္ဆာန်များအဖွဲ့ချုပ်

☐ ဟုတ်သည်

☐ မဟုတ်ပါ

ကျောင်း

တိုင်းတာရန် V

Lincoln ပေါင်းစည်းကျောင်းခရိုင်၏ အဆောက်အအုံများနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအမံများ ပညာရေးအရည်အသွေးမြှင့်တင်ရန်၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ တိုးတက်မှုများ ပြုလုပ်ရန်၊ အလုပ်အကိုင်ဆိုင်ရာ သင်တန်းနှင့် အသက်မွေးဝမ်းကျောင်းအတွက် အသင့်ဖြစ်စေမည့် သင်တန်းများအတွက် စာသင်ခန်းနှင့် ဓာတ်ခွဲခန်းများ ပံ့ပိုးပေးရန်၊ HVAC များကို အစားထိုးလဲလှယ်ရန်၊ အိမ်သာနှင့် အခြားအဆောက်အအုံဆိုင်ရာ အခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်စေရန်အတွက် LUSD မှ ဒေါ်လာ $79,000,000 သန်းတန်ဖိုးရှိ ငွေချေးစာချုပ်များ ထုတ်ဝေခွင့်ပြုသည့် အဆိုပြုချက်ကို လက်ခံအတည်ပြုသင့်ပါသလား။ ဤအစီအစဉ်တွင် တရားဝင်သတ်မှတ်ထားသော နှုန်းထားများဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး၊ ငွေချေးစာချုပ်များ ပေးဆပ်ဆဲကာလအတွင်း ပိုင်ဆိုင်မှုတန်ဖိုး ဒေါ်လာ $100,000 လျှင် ပျမ်းမျှ ဒေါ်လာ $39.07 (တစ်နှစ်လျှင် စုစုပေါင်း ဒေါ်လာ $4,471,000) နှုန်းဖြင့် ကောက်ခံရန် ခန့်မှန်းထားပါသည်။ ထို့ပြင် နိုင်ငံသားများ၏ ကြီးကြပ်ကွပ်ကဲမှုနှင့် စာရင်းစစ်ဆေးမှုများ ပါဝင်မည်ဖြစ်ပြီး၊ ဝန်ထမ်းလစာများအတွက် ငွေသုံးစွဲမည်မဟုတ်ဘဲ LUSD ကျောင်းများအတွက်သာ ရန်ပုံငွေ သုံးစွဲမည် ဖြစ်ပါသည်။

☐ ဟုတ်သည်

☐ မဟုတ်ပါ